

# ReCONNECT

ReCONNECT (ရီကော်နက်က်) သည် ReturnToWorkSA (ရီတန်းတူ ဝပ်က် အဲ့စ်အေ) မှ ကမ်းလှမ်းပေးသော အခမဲ့ ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ၎င်းသည် သင့် ထောက်ပံ့ရေးဝင်ငွေ ရပ်ဆိုင်းသွားပြီးနောက်ပိုင်းတွင် သင့်အား လူမှုအသိုင်းအဝိုင်းအခြေပြု ဝန်ဆောင်မှု အဖွဲ့အစည်းများနှင့် ကူညီချိတ်ဆက်ပေးနိုင်ပါသည်။

ReCONNECT ဝန်ဆောင်မှုကို ၁၂ လကြာအထိ ရရှိနိုင်ပါသည်။ ဤအချိန်အတောအတွင်း၌ ReCONNECT အကြံပေးတစ်ဦးသည် အောက်ပါ အထောက်အပံ့ ဝန်ဆောင်မှုများကို ရယူရန် ကူညီပေးနိုင်ပါသည်။

- ငွေရေးကြေးရေး
- နေအိမ်ရာ
- စေတနာ့ ဝန်ထမ်းအလုပ်
- အလုပ်ရှာဖွေခြင်း (ဥပမာ၊ ကိုယ်ရေးအကျဉ်းရေးခြင်း၊ အလုပ်လျှောက်ခြင်းနှင့် အလုပ်ရှာဖွေရေးနည်းနိသသယများ)
- အလုပ်ရရေး တွေ့ဆုံမေးမြန်းခြင်းအတွက် မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ခြင်း (ဥပမာ၊ တွေ့ဆုံမေးမြန်းခြင်း နည်းနိသသယများ၊ ထောက်ခံချက် ပေးမည့်သူများ)
- လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- မိသားစု အထောက်အပံ့
- အိမ်၌ အထောက်အပံ့
- သယ်ယူပို့ဆောင်ရေးတို့ဖြစ်ပါသည်။

ReCONNECT အကြံပေးတစ်ဦးအား မြန်မာစကား (Myanmar language) နှင့် စကားပြောရန် စကားပြန်နှင့် ဘာသာပြန်ဌာန (Interpreting and Translating Centre) ၁၈၀၀ ၂၈၀ ၂၀၃ ကို ဖုန်းဆက်ပြီး၊ ၎င်းတို့ကို ReturnToWorkSA အား ၁၃ ၁၈ ၅၅ ၌ ဆက်သွယ်ခိုင်းပါ။ ဤစကားပြန် ဝန်ဆောင်မှုကို သင့်အနေနှင့် အခမဲ့ ရရှိနိုင်ပါသည်။